ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့
မီဒီယာ သတင်းထုတ်ပြန်ချက်

## ကြက်ငှက်တုပ်ကွေးနှင့်စပ်လျဉ်းပြီး သိရှိနိုးကြားမှုများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ကြစေရန် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးပြီး စည်းရုံး နှိုးဆော် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံး

ရန်ကုန်၊ ၂၀၀၇ခုနှစ် မတ်လ ၁ရက်။ တိုင်းနှင့်ပြည်နယ်အားလုံးကို ကိုယ်စားပြုတက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်ပေါင်း ၄၀နီးပါးသည် လေးရက်တာကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြရာ ယနေ့တွင် အောင်မြင်စွာ တက်ရောက်ပြီးစီးသွားခဲ့ကြပါသည်။

ကြက်ငှက်တုပ်ကွေးနှင့်စပ်လျဉ်းပြီး ဆက်သွယ် အသိပေးမှု စွမ်းရည်များ တည်ဆောက်ရန်နှင့် တစ်နိုင်ငံလုံးအား ဖြန့်ဝေလျက်ရှိသော ပိုစတာအမျိုးအစား ၁၁ခု၊ လက်ကမ်း စာစောင်နှစ်ခုနှင့် ဗီဒီယိုဇာတ်လမ်းတို အတွဲများကို အသုံးပြုပြီး ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးအတွက် အဓိက ကျန်းမာရေး သတင်းစကား လေးရပ်ကို ဖြန့်ဝေသွားရန် အဆိုပါ တပ်ဖွဲ့ဝင်များသည် မိမိတို့၏ သက်ဆိုင်ရာဒေသများ၌ အလုပ်ရုံ ဆွေးနွေးပွဲများကို ခေါ်ယူကျင်းပသွားကြမည်ဖြစ်ပါသည်။

အဆိုပါ အဓိက ကျန်းမာရေး သတင်းစကားများမှာ ကြက်ဘဲငှက်များနှင့် အခြားသော ငှက်အမျိုးမျိုးတို့၌ မူမမှန်သော ဖျားနာမှု၊ သေဆုံးမှုများ ပေါ်ပေါက်ခဲ့ပါက သတင်းပို့ရန်၊ ကြက်ဘဲငှက်များကို အခြားသော ငှက်များ၊ တိရစ္ဆာန်များနှင့် သီးခြားခွဲထားရန်၊ ကြက်ဘဲငှက်များအား ကိုင်တွယ်ပြီးချိန်နှင့် အစာမစားမီ အချိန်များတွင် လက်ဆေးရန်နှင့် ကြက်သားဘဲသားများ၊ ကြက်ဥဘဲဥများကို ကျက်အောင် ကြော်လှော် ချက်ပြုတ်ရန်တို့ပင် ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် တက်ရောက်လျက်ရှိသော တိုင်းနှင့်ပြည်နယ်အသီးသီးမှ တပ်ဖွဲ့ဝင်များအပြင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့မှ ကြက်ခြေနီ တပ်ဖွဲ့ဝင် အယောက် ၂၀လည်း ပါဝင် တက်ရောက် ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းက ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအထောက်အပံ့ကို ရရှိထားသော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပါသည်။ ပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် ဗီဒီယိုဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လုပ်ခြင်း အတွက်လည်း ဂျပန်နိုင်ငံအစိုးရက ငွေကြေးထောက်ပံ့ထားပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူပညာရှင်များကလည်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ ကြပါသည်။

♦ ♦ ♦

အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ဆက်သွယ်ရေးအရာရှိ *Susan Atkin* အား
ဖုန်း ၂၁၂ ၀၈၆ လိုင်းခွဲ ၁၃၀၁သို့ဖြစ်စေ၊ ဖက်(စ်) ၂၁၂ ၀၆၃သို့ဖြစ်စေ၊ အီးမေး(လ်) satkin@unicef.org သို့ဖြစ်စေ
ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း